**PERMANENT MISSION OF THE REPUBLIC OF THE UNION OF MYANMAR**
**TO THE UNITED NATIONS, NEW YORK**

TEL: 744-1271, FAX: 744-1290
E-MAIL: myanmarmission@verizon.net

10 EAST 77Th STREET
NEW YORK, N.Y. 10075

# မြန်မာနိုင်ငံကူးလက်မှတ် ပျောက်ဆုံးသူများ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ အသိပေး တိုက်တွန်း နှိုးဆော်ခြင်း

၁။ အမေရိကန်နိုင်ငံတွင် မြန်မာနိုင်ငံကူးလက်မှတ်ကိုင်ဆောင်လျက် အလုပ်လုပ်ကိုင်သူများ/ ပညာတော်သင်/ အစည်းအဝေး/ သင်တန်းတက်ရောက်သူများနှင့် အကြောင်းအမျိုးမျိုးဖြင့် ခေတ္တအလည်အပတ်ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများအနေဖြင့် အမေရိကန်ပြည်ထောင်စုရှိ မြန်မာသံရုံး၊ အဖွဲ့ရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးများ၏လိပ်စာများကို သက်ဆိုင်ရာ website များမှတစ်ဆင့် မှတ်သားထားခြင်း၊ လိုင်စင်ဓာတ်ပုံများနှင့်အတူ မိမိတို့၏ နိုင်ငံကူးလက်မှတ် ဓာတ်ပုံပါသည့် စာမျက်နှာအား Hard Copy နှင့် Soft Copy သိမ်းဆည်းထားခြင်းများပြုလုပ်ထားကြရန် အကြံပြု တိုက်တွန်းအပ်ပါသည်။

၂။ မြန်မာနိုင်ငံကူးလက်မှတ် ပျောက်ဆုံးခြင်း၊ ခါးပိုက်နှိုက်ခံရခြင်းများ ကြုံတွေ့ရပါကလည်း နယူးယောက်မြို့၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးမှ အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ပေးလျက်ရှိပါသည်။ လိုအပ်ချက်များကို မြန်မာအဖွဲ့ရုံး ဖုန်းအမှတ်၊ +1 (212) 744-1271, Ext. 32, 23 (သို့မဟုတ်) Email: myanmarconsulateny@verizon.net နှင့် myanmarmissionconsularsection@gmail.com သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။ လိုအပ်သည့် ပုံစံများကို မြန်မာအဖွဲ့ရုံး၏ Website ဖြစ်သော http://www.mmnewyork.org တွင် ရယူနိုင်ပါသည်။ ပုံစံများကို ပြည့်စုံစွာ ဖြည့်စွက်ပြီးပါက အောက်ဖော်ပြပါလိပ်စာအတိုင်း ပေးပို့နိုင်ပါသည် -

**Permanent Mission of the Republic of the Union of Myanmar**
**to the United Nations**
**10 East 77th Street, New York, NY. 10075**
**Tel: +1 (212) 744-1271, Ext. 32, 23**
**Fax: +1 (212) 744-1290**

## <u>သာမန်မြန်မာနိုင်ငံကူးလက်မှတ် ပျောက်ဆုံး၍ အသစ်လျှောက်ထားခြင်း</u>

(က) ပျောက်ဆုံးကြောင်း အကျိုးအကြောင်း ဖော်ပြရေးသားထားသည့် လျှောက်လွှာ၊
(ခ) ပျောက်ဆုံးခဲ့သည့် နိုင်ငံကူးလက်မှတ်မိတ္တူ (၄) စုံ၊
(ဂ) ရဲစခန်းသို့ ပျောက်ဆုံးကြောင်း တိုင်ကြားထားသော ရဲစခန်း ထောက်ခံစာ (Police Report) မူရင်း အပါအဝင် (၄) စုံ၊
(ဃ) ဖြည့်စွက်ပြီး ကိုယ်ရေးရာဇဝင် (၄) စုံ၊
(င) အခွန်ထမ်းဆောင်ပြီးဖြစ်ပါက ဝင်ငွေခွန်ပြေစာမိတ္တူ (၄) စုံ၊
(စ) အခွန်မထမ်းဆောင်ရသေးပါက (၃၁-၁၂-၂၀၁၁) ရက်နေ့အထိ ဝင်ငွေခွန် ပေးဆောင်၍လည်းကောင်း၊ ကျောင်းသားဖြစ်ပါက အထောက်အထားစာရွက်စာတမ်းများ တင်ပြ၍လည်းကောင်း၊ မှီခိုသူဖြစ်ပါက မှီခိုသူ အထောက်အထား စာရွက်စာတမ်းများ တင်ပြ၍လည်းကောင်း၊
(ဆ) နောက်ခံ အဖြူရောင် <u>33 mm x 45 mm</u> (သို့မဟုတ်) <u>1.5 x 2 လက်မ</u> အရွယ်ရှိ ဓာတ်ပုံ (၄) ပုံ
(ဇ) နိုင်ငံကူးလက်မှတ်အသစ် တန်ဖိုး အမေရိကန်ဒေါ်လာ ၂၅ နှင့် နိုင်ငံကူးလက်မှတ် ပျောက်ဆုံး ဒဏ်ကြေး အမေရိကန်ဒေါ်လာ ၇၅ ကျသင့်ပါမည်။ နိုင်ငံကူးလက်မှတ် အသစ်အတွက် ကျသင့်ငွေ၊ ဒဏ်ကြေးနှင့် ဝင်ငွေခွန်များကို ငွေလွှဲလက်မှတ် (Money Order) များဖြင့် ပေးပို့ရမည် ဖြစ်ပါသည်။
(ဈ) စာတိုက်မှတစ်ဆင့် စာရွက်စာတမ်းများပေးပို့ခြင်းအတွက် FedEx ဖြင့် ပေးပို့၍ ကာယကံရှင်ထံသို့ ပြန်လည်ပေးပို့နိုင်ရန်အတွက် ကာယကံရှင်ကိုယ်တိုင် လိပ်စာအပြည့်အစုံ ဖြည့်စွက်ထားသည့် International/ Local Airway Bill နှင့် Return Envelope ကို ပူးတွဲပေးပို့ရန် လိုအပ်ပါသည်။ ကာယကံရှင်ထံသို့ ပြန်လည်ပေးပို့ခြင်းအတွက် FedEx သို့ ငွေပေးချေရန် လိုအပ်သည်ဖြစ်ရာ ယင်းအတွက် ကျသင့်ငွေကို ကာယကံရှင်မှ ကြိုတင်တွက်ချက်၍ FedEx သို့ ပေးဆောင်ရမည့် ငွေလွှဲလက်မှတ် (Money Order) တစ်စောင်ကို သီးခြားထည့်သွင်း၍ ပေးပို့ရန်လည်း မေတ္တာရပ်ခံအပ်ပါသည်။

## <u>မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် လျှောက်ထားခြင်း</u>

(က) ပျောက်ဆုံးကြောင်း အကျိုးအကြောင်းဖော်ပြရေးသားထားသည့် လျှောက်လွှာ၊
(ခ) ပျောက်ဆုံးခဲ့သည့် နိုင်ငံကူးလက်မှတ်မိတ္တူ (၄) စုံ၊
(ဂ) ရဲစခန်းသို့ ပျောက်ဆုံးကြောင်း တိုင်ကြားထားသော ရဲစခန်း ထောက်ခံစာ (Police Report) မူရင်းအပါအဝင် (၄) စုံ၊
(ဃ) ဖြည့်စွက်ပြီး ကိုယ်ရေးရာဇဝင် (၄) စုံ၊
(င) နောက်ခံ အဖြူရောင် <u>33 mm x 45 mm</u> (သို့မဟုတ်) <u>1.5 x 2 လက်မ</u> အရွယ်ရှိ ဓာတ်ပုံ (၄) ပုံ

(စ) မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်တန်ဖိုး အမေရိကန်ဒေါ်လာ ၅၀ နှင့် နိုင်ငံကူးလက်မှတ် ပျောက်ဆုံးဒဏ်ကြေး အမေရိကန်ဒေါ်လာ ၇၅ ကျသင့်ပါမည်။ မည်သူမည်ဝါ ဖြစ်ကြောင်း သက်သေခံလက်မှတ်အတွက် ကျသင့်ငွေနှင့် ဒဏ်ကြေးများကို ငွေလွှဲလက်မှတ် (Money Order) များဖြင့် ပေးပို့ရမည် ဖြစ်ပါသည်။

(ဆ) စာတိုက်မှတစ်ဆင့် စာရွက်စာတမ်းများပေးပို့ခြင်းအတွက် FedEx ဖြင့် ပေးပို့၍ ကာယကံရှင်ထံသို့ ပြန်လည်ပေးပို့နိုင်ရန်အတွက် ကာယကံရှင်ကိုယ်တိုင် လိပ်စာ အပြည့်အစုံ ဖြည့်စွက်ထားသည့် International/ Local Airway Bill နှင့် Return Envelope ကို ပူးတွဲပေးပို့ရန် လိုအပ်ပါသည်။ ကာယကံရှင်ထံသို့ ပြန်လည်ပေးပို့ခြင်း အတွက် FedEx သို့ ငွေပေးချေရန် လိုအပ်သည်ဖြစ်ရာ ယင်းအတွက် ကျသင့်ငွေကို ကာယကံရှင်မှ ကြိုတင်တွက်ချက်၍ FedEx သို့ ပေးဆောင်ရမည့် ငွေလွှဲလက်မှတ် (Money Order) တစ်စောင်ကို သီးခြားထည့်သွင်း၍ ပေးပို့ရန်လည်း မေတ္တာရပ်ခံအပ်ပါသည်။

၂။ အဆိုပါ အချက်အလက်များနှင့် ပြည့်စုံမှန်ကန်ပါက မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့သို့ မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးခွင့်ပြုပါရန် (သို့မဟုတ်) မြန်မာနိုင်ငံသို့ ပြန်နိုင်ရန်အတွက် မြန်မာနိုင်ငံသား မှန်/မမှန် စိစစ်ပေးပါရန်နှင့် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် ထုတ်ပေးခွင့်ပြုပါရန် ကိစ္စရပ်များကို တင်ပြပြီး၊ ခွင့်ပြုချက် ရလျှင်ရခြင်း ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ထုတ်ပေးမည် ဖြစ်ပါသည်။

**ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်**